## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၁၃)
# အပြစ်ဒဏ်သင့်သောအပြစ်သားဘဝမှ
# လွတ်ငြိမ်းချမ်းသာရခြင်းခံရသောသူတော်စင်ဘဝ

လက်ဗွေရာကိုလည်းမတွေ့ပါ။ လက်နက်ကိုလည်းမတွေ့ပါ။ လူသတ်သမားသည်ဆရာဝန်ကြီး၏ရုံးခန်းထဲသို့ ဝင်သည်ကိုလည်းမတွေ့ပါ။ သေနတ်သံထွက်ပေါ်လာသည်ကိုလည်းမကြားပါ။ သို့ရာတွင် ဆရာဝန်ကြီးသည် သူ၏ထိုင်ခုံနောက်တွင် ခြေပစ်လက်ပစ်လဲကာ သေနတ်ကျည်ဆန်ငါးလုံးသည် သူ၏အင်္ကျီကိုဖေါက်ဝင်သည်။

အပြစ်ကျူးလွန်သည်မှာဧကန်ဖြစ်သည်။ ပထမတွင်ရဲတို့သည် သဲလွန်စကိုရှာ၍မတွေ့ရှိပါ။ နောက်ပိုင်းတွင် ဆရာဝန်ကြီး၏စားပွဲပေါ်တွင်သေးငယ်သောဝါယာကြိုးကလေးသည် ခဲတံကိုချည်ထားကြောင်းတွေ့ရသည်။ ထိုဝါယာကြိုးငယ်သည်သူ၏အံဆွဲတွင်းရှိအသံဖမ်းစက်နှင့်ဆက်ထားသည်။ ဝါယာကြိုးဆက်ထားသောခဲတံသည် မိုက်ခွက်ဖြစ်၍ လူနာများလာသောအခါတွင် ဆရာဝန်မေးခွန်းထုတ်သောအခါ လူနာများတို့၏အဖြေကိုမှတ်တမ်းတင်ရန် အသုံးပြုသော အသံဖမ်းစက်ဖြစ်သည်။ အမှုလိုက်ရဲတို့သည် ချက်ချင်းအသံဖမ်းစက်ကိုဖွင့်၍နားထောင်သောအခါ အဖြစ်မှန်ကျူးလွန်မှု အကြောင်းပေါ်လာသည်။ အမည်မှာ– အမ်သောနီးဖြစ်၍ ဆရာဝန်၏ရုံးတွင်းသို့ဝင်ကာ ဆရာဝန်နှင့် စကားများရန်ဖြစ်၍ ပစ်ခတ်သံထွက်ပေါ်လာသည်။ အသံဖမ်းစက်၏နောက်ဆုံးတွင် ဆရာဝန်ကြီးသည် ပက်လက်လဲကာ သေခါနီးညည်းညူသံများကြားရတော့သည်။ ကြောက်ရွံ့ဖွယ်ကောင်းသောလူသတ်မှုတစ်ခုဖြစ်သည်။ လူသတ် သမားသည် မိမိပြစ်မှုဘယ်တော့မျှမပေါ်ဟုထင်ခဲ့သည်။ သဲလွန်စအနေဖြင့် မည်သည့်အရာမျှမကျန်ခဲ့ပါ။ သို့ရာတွင် အသံဖမ်းစက်သည် ပြစ်မှု၏အကြောင်းရင်းကိုအစအဆုံးဖေါ်ပြထားသည်။

ဤလမ်းညွှန်စာစောင်တွင် ဘုရားသခင်၏နောက်ဆုံးစီရင်ချက်များမှတ်တမ်းတင်ထား၍ လူတစ်ဦးစီအတွက် စာအုပ်တွင်ရေးမှတ်ထားကြောင်း ကျမ်းစာတွင်ဖေါ်ပြထားပါသည် (ဗျာ ၂၀:၁၂)။ ခရစ်တော်ကိုလက်မခံသော သူတို့သည် သူတို့အတွက်သတင်းဆိုးဖြစ်မည်။ သို့ရာတွင် တရားစီရင်ခြင်းသည် ခရစ်တော်ကိုမှီခိုအားထားသော သူတို့အတွက် ကောင်းသောသတင်းဖြစ်မည်။

### ၁။ သင်သည် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ တရားစီရင်ခြင်းကိုမည်သည့်နည်းဖြင့်ရင်ဆိုင်မည်နည်း

မည်သူသည် ကမ္ဘာကြီးကိုစီရင်မည်နည်း။ “ခမည်းတော်သည် အဘယ်သူကိုမျှတရားစီရင်တော်မမူ။ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အားအပ်ပေးတော်မူ၏” (ယောဟန် ၅:၂၂၊ ၂၃)။

"ယေရှုကိုယုံကြည်သောသူတို့၏အပြစ်ကိုလွှတ်တော်မူသော်လည်း တရားသဖြင့်ပြုတော်မူခြင်းငှါ ယေရှုခရစ်၏ အသွေးတော်ကိုယုံကြည်ခြင်းအားဖြင့် ထိုခရစ်တော်ကိုအပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ ခန့်ထားတော်မူသည်" (ရောမ ၃း၂၅၊ ၂၆)။ ခရစ်တော်၏သေခြင်းသည် ကျွန်ုပ်တို့အတွက်အပြစ်၏ကိုယ်စားပြုသောကြောင့် ဖြောင့်မတ်သော ရှေ့နေအဖြစ်လည်းကောင်း၊ ထောက်ထားစာနာတတ်သော တရားသူကြီးအဖြစ်လည်းကောင်း နောင်တရသောအပြစ် သားကိုအပြစ်လွှတ်ပေးနိုင်သည်။ ဘက်မလိုက်တတ်သောတရားသူကြီးသည် အပြစ်ရှိသည်ကို အပြစ်မရှိဟုကြေညာ သောအခါ စကြဝဠာအတွင်းရှိပရိသတ်တို့သည် မေးမြန်းသောအခါ ခရစ်တော်သည် ထိုအပြစ်သားအတွက် အပြစ်၏ သေခြင်းကိုခံခဲ့ကြောင်း သူ၏ကိုယ်ကာယတွင်ပြသနိုင်သည်။ ကောင်းကင်ရှိစာစောင်ထဲတွင် အပြစ်သားများ၏မှတ်တမ်း ကိုတင်ထားပါသည်။ တရားစီရင်သောအခါ ထိုမှတ်တမ်းကိုအသုံးပြုသည်။ (ဗျာ၊ ၂၀း၁၂)။ အပြစ်ရှိသောသူတို့အတွက် မကောင်းသောသတင်းပေတည်း။ ခရစ်တော်ကိုလက်ခံ၍ ခရစ်တော်အား တရားသူကြီးအဖြစ်လက်ခံသောသူများအတွက် ကောင်းသောသတင်းပေတည်း။ (၁ယော ၁း၇)။ ***ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်အသက်တာကို မည်သည့်အရာဖြင့် လဲလှယ်ပေးပါသနည်း။*** "အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက် ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည့်အကြောင်းတည်း" (၂ကော ၅း၂၁)။ ကျွန်ုပ်တို့၏အပြစ်အသက်တာကို ခရစ်တော်၏ပြည့်စုံ၍ ဖြောင့်မတ်သောအသက်တာဖြင့်လဲလှယ်ပါသည်။ ခရစ်တော်၏အပြစ်မရှိသောအသက်တာနှင့်သေခြင်းသည် ကျွန်ုပ်တို့၏ အပြစ်များကိုလွှတ်ရုံမျှမကဘဲ အပြစ်မရှိဟုသတ်မှတ်ထားမည်ဖြစ်ပါသည်။ တရားသူကြီးနှင့်ရှေ့နေဖြစ်ရာ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် မည်ကဲ့သို့သောလုပ်ရည်ကိုင်ရည်ရှိပါသနည်း။

## ၂။ ခရစ်တော်သည်အချိန်မီလာသည်

သူ၏နှစ်ခြင်းခံချိန်တွင် ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘိသိက်ပေးခြင်းကိုခံရပါသည်။ "ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင် ရေမှပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်သဖြင့် ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌နားတော်မူသည်ကိုမြင်ရ၏။ ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ ချစ်သားပေတည်းဟု ကောင်းကင်ကအသံတော်ဖြစ်လေ၏" (မဿဲ ၃း၁၆၊ ၁၇)။ ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့် ဘိသိက်ပေးခြင်းကိုခံပြီးသောအခါ "ငါတို့သည် မေရှိကိုတွေ့ပြီဟုပြောဆိုလျက်" (ယောဟန် ၁း၄၁)။ တမန်တော် တို့သည် ဟေဗြဲဘာသာဖြင့် မေရှိ၊ ဟေလသဘာသာအားဖြင့် ခရစ်တော်။ ဤစကားနှစ်လုံး၏အနက်သည် ဘိသိက်ပေး ခြင်းခံရသောသူဟုဆိုသတည်း။ ခရစ်တော်၏တပည့်ဖြစ်သောလုကာသည် ခရစ်တော်၏ဘိသိက်ပေးခြင်းကိုမေရှိယ ဟုသိရသောအချိန်သည် တိဗေရိကဲသာဘုရင်တစ်ဆယ့်ငါးနှစ်နန်းစံသောအချိန်ဖြစ်သည် (လုကာ ၃း၁)။ ကျွန်ုပ်တို့၏ ခရစ်ယာန်သက္ကရာဇ်တွင် အေဒီနှစ်ခုတွင်ဖြစ်သည်။ ပရောဖက်ဒံယေလသည်လည်း ခရစ်တော်မကြွလာမီ နှစ်ပေါင်း ၅၀၀ ခန့်က ခရစ်တော်သည် မေရှိယအဖြစ်ဘိသိက်ခံယူရမည်ဖြစ်ကြောင်း အေဒီနှစ်ခုနှစ်တွင်တွေ့မြင်ရသည်။

ယေရှုရှလင်မြို့ပြန်လည်တည်ထောင်ရန် အမိန့်ထုတ်ပြန်သည့်အချိန်မှ ခရစ်တော်သခင်၏လက်ထက်တိုင်အောင် ခုနစ်သီတင်းနှင့် ခြောက်ဆယ့်နှစ်သီတင်းကြာလိမ့်မည်ဟု သိမှတ်နားလည်လော့။ ၇ သီတင်း + ၆၂ သီတင်း ၄၈၃ ရက်ကျမ်းစာအနာဂတ်၏တစ်ရက်ညီမျှခြင်းသည် တစ်နှစ်ဖြစ်၏ (ယေဇ ၄း၆။ တော ၁၄း၃၄)။ ထို့ကြောင့် ၄၈၃ ရက်သည် ၄၈၃ နှစ်ဖြစ်၏။ ဒံယေလ၏ကြိုတင်ဟောပြောချက်အရ ယေရှုရှလင်မြို့ကိုဆောက်ရန်အမိန့်ပေးသောနေ့ရက်မှ (ယေရှုရှလင်မြို့ပြန်လည်တည်ဆောက်ရန် အမိန့်ပေးသောနေ့ရက် ၄၅၇ ဘီစီ၊ ဧဇ ၇း၇–၂၆၊ ထို ၄၈၃ နှစ်သည် အေဒီ ၂၇ နှစ်တွင်ဆုံးသည်။ ၂၇+၄၅၇ = ၄၈၄ နှစ်ဖြစ်သည်။ သို့ရာတွင် ၄၅၇+၂၇ = အတိအကျလ၊ ရက်ဖြင့်တွက်လျှင် ၄၈၃ နှစ်တိတိဖြစ်သည်။ သို့ရာတွင် သက္ကရာဇ်ပြန်၍ကြည့်သော် ၄၅၇ ဘီစီမှ အေဒီ ၂၇ နှစ်အထိပေါင်းသော်

တစ်နှစ်ပိုသလိုဖြစ်ပါမည်။ သို့ရာတွင် အတိအကျမှာ ၄၈၃ နှစ်သာဖြစ်သည်။ အချိန်ရောက်လာသောအခါ (မာကု ၁း၁၅) ကျမ်းစာ၏အနာဂတ်စကားများသည် တိကျစွာပြည့်စုံခဲ့သောကြောင့် နာဇရက်မြို့သားယေရှုသည် မေရှိဖြစ်၍ ဘုရားသခင်သည် လူ၏အသွေးအသားနှင့်ဖြစ်ကြောင်းတွေ့ရသည်။ ခရစ်တော်သည် အနာဂတ်စကားအရ၊ ပဋိညာဉ် ပြည့်စုံစေရန် ခရစ်တော်သည် မည်မျှကြာကြာစောင့်ရမည်နည်း။ “တစ်သီတင်းတွင် လူအများတို့နှင့်ပဋိညာဉ် (ကတိ) ဖွဲ့ခြင်းရှိ၍ ထိုသီတင်းတစ်ပတ်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကိုပပျောက်စေလိမ့်မည်” (ဒံယေလ ၉း၂၇)။ ကျမ်းစာအရ၊ နှစ်၊ ရက်သဘောတရားကိုအသုံးပြုလျှင် တစ်ပတ်ခုနစ်ရက် = ၇ နှစ်၊ ထို့ကြောင့် အေဒီ ၂၇ မှ အေဒီ ၃၄ ထိခရစ်တော်သည် မိမိပြုသောကတိတော်ကိုခိုင်မြဲစေမည်။ အာဒံနှင့်ဧဝအပြစ်ပြုလုပ်ပြီးသည့်နောက်တွင် ဘုရားသခင်၏ကတိတော်မှာ လူမျိုးဆက်ကိုကယ်တင်ရန် တစ်ဦးတစ်ယောက်လာရောက်၍ အပြစ်အတွက်အသေခံရမည် အကြောင်း (ကမ္ဘာ ၃း၁၅)။ ဤအဖြစ်သည် အပတ်အလယ် (သို့မဟုတ်) ခုနစ်ထက်ဝက်အချိန်တွင် မိမိကိုယ်ကိုပူဇော် ရမည်ဖြစ်ကြောင်း (အေဒီ ၃၁ = ၇ + ၃ ၁/၂) ခရစ်တော်အသေခံရမည်ဖြစ်ကြောင်း ကြိုတင်အနာဂတ်စကားဖြင့် ဟောကြားထားပါသည်။ ၎င်းအပတ်အလယ် အေဒီ ၃၁ တွင်ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်၌ အသက်တော်စွန့်သော အခါ ဘုရားသခင်သည် ဗိမာန်တော်ထဲရှိကန့်လန့်ကာကြီးကို ထက်ခြမ်းဆုတ်လိုက်ပါသည် (မဿဲ ၂၇း၅၁)။ ပူဇော် ရန်ဆဲဆဲဖြစ်သောသိုးသငယ်သည် ထိုအချိန်၌ပင် ခရစ်တော်သေသောကြောင့် သိုးသငယ်သည် ယဇ်ပုရောဟိတ်၏လက်မှ ထွက်ပြေးသွားသည်။ အနက်မှာ– ဘုရားသခင်သည် လူတို့၏ပြစ်မှားမှုအတွက် တိရစ္ဆာန်ကိုယဇ်ပူဇော်ရန်မလိုတော့ကြောင်း ပြလေသည်။ ထို့ကြောင့် ကယ်တင်ရှင်ဖြစ်သော ဘုရားသခင်၏သိုးသငယ်တည်းဟူသော ခရစ်တော်သည် ယခုအချိန်၌ ယဇ်ပုရောဟိတ်မင်းအဖြစ် ကောင်းကင်နိုင်ငံတော်တွင် ဘုရားသခင်၏လက်ျာတော်ဘက်၌ထိုင်ကာ လူနှင့်ဘုရားသခင် စပ်ကြားတွင် ဖျန်ဖြေပေးသောပုဂ္ဂိုလ်ဖြစ်လာပါသည်။

## ၃။ အပြစ်ဖြေလွှတ်ပေးကြောင်း သေချာစွာသိရှိရခြင်း

**ဒံယေလ၏ကြိုတင်ဟောပြောချက်အရ၊ ခရစ်တော်ဘာကြောင့်အသက်စွန့်ရသနည်း။** “ထိုသီတင်း ၆၂ သီတင်း လွန်ပြီးမှ ခရစ်တော်သည်အခွင့်မရဘဲ အသေသတ်ခြင်းကိုခံရလိမ့်မည်” (ဒံယေလ ၉း၂၆)။ ခရစ်တော်အသေခံသောအချိန်တွင် သူသည် သူ့အတွက်သေခြင်းမဟုတ်ဘဲ အပြစ်သားများအတွက် အပြစ်ဒဏ်ကိုခံယူခဲ့သည်။ **ကျွန်ုပ်တို့၏အပြစ်ကို ဖြေလွှတ်ခဲ့ကြောင်း မည်ကဲ့သို့သိနိုင်သနည်း။** “ယေရှုခရစ်ကိုယုံကြည်သောသူအပေါင်းတို့အဖို့ဖြစ်၍ ထိုသူအပေါင်းတို့ အပေါ်သို့ရောက်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားသည်ထင်ရှားခဲ့ပြီ။ ခြားနားခြင်းအလျှင်းမရှိ။ အဘယ်ကြောင့် နည်းဟူမူကား၊ လူအပေါင်းတို့သည် အပြစ်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။ ယေရှုခရစ်ရွေးနုတ် တော်မူသောအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏” (ရောမ ၃း၂၂–၂၅)။ အဓိကအချက်မှာ ကျွန်ုပ်တို့သည် အပြစ်များကိုလုပ်သောသူများဖြစ်၍ ဘုရားသခင်၏ကျေးဇူးတရားကြောင့် ခရစ်တော် ၏အသွေးတော်ကိုမှီခိုအားထားသောသူတိုင်းသည် ယုံကြည်ခြင်းအားဖြင့် အပြစ်ဖြေလွှတ်ခွင့်ရ၏။ ကျွန်ုပ်တို့သည် အပြစ်ဖြေလွှတ်ခြင်းခံရသောအခါ ဘုရားသခင်သည်အပြစ်မဲ့ကြောင်းကြေညာ၍ လွန်ခဲ့သောအချိန်အခါကပြုခဲ့သောအပြစ် များကိုလွှတ်ပေး၏။ ကျွန်ုပ်တို့သည်သန့်ရှင်းကြောင်း ဘုရားသခင်ကြေညာပေး၏။ သန့်ရှင်းခြင်းသည် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံမှလာသည်။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့သည်ချိန်ဆ၍မရပါ။ ငြိမ်သက်ခြင်းကို ခရစ်တော်၏တရားကြောင့်လက်ခံ၍ရရှိသည်။ ခရစ်တော်ကတိထားသည်မှာ ဝန်လေး၍ပင်ပန်းသော သူတို့၊ ငါ့ထံသို့လာကြလော့ (မဿဲ ၁၁း၂၈)။ ကျွန်ုပ်တို့သည် ခရစ်တော်ထံတွင် ငြိမ်သက်ခြင်းနှင့်ကျန်းမာခြင်းကို ရနိုင်သည်။

## ၄။ တရားစီရင်ရာအချိန်ရောက်လာပြီ

ဒံယေလအခန်း (၈) တွင်အနာဂတ်ဖြစ်ပျက်မည့်အကြောင်းများကိုဖော်ပြထားသည်။ ဒံယေလမြင်သောအရာမှာ (၁) သိုးထီး၊ (၂) ဆိတ်ထီး၊ (၃) ဆိတ်ထီး၏ခေါင်းမှနောက်ဦးချိုတစ်ခုထွက်လာသည်။ ထိုဦးချိုသည် တဖြည်းဖြည်းကြီးလာသည်။ (ဒံယေလ ၈း၈၊ ၉)။ ပုံဆောင်သောတိုင်းပြည်များမှာ (၁) မေဒိပေရသိ၊ (၂) ဟေလသတိုင်းပြည်၊ (၃) ရောမတိုင်းပြည် (ဒံယေလ ၈း၁–၁၂၊ ၂၀–၂၆)။ **ကြိုတင်ဟောပြောချက်၏လေးပုံတစ်ပုံမှာ မည်သည့်အရာဖြစ်သနည်း။** "ထိုအခါ သန့်ရှင်းသောသူတစ်ပါး၏စကားပြောသံကိုငါကြား၏။ သန့်ရှင်းသောသူတစ်ပါးက ယခင်ပြောသောသူကိုဟစ်၍ သန့်ရှင်းရာဌာနနှင့် ဗိုလ်ခြေကိုနင်းခြင်းအလို့ငှါ နေ့ရက်အစဉ်ပြုသောဝတ်ကိုပယ်ခြင်းနှင့်လည်းကောင်း၊ ဖျက်ဆီးတတ်သောလွန်ကျူးခြင်းနှင့်လည်းကောင်း၊ စပ်ဆိုင်သောကြိုတင်ဟောပြောချက်သည် အဘယ်မျှကာလပတ်လုံးတည်လိမ့်မည်ဟုမေးမြန်းလျှင် ယခင်ပြောသောသူက ရက်ပေါင်း ၂၃၀၀ တိုင်တိုင်တည်လိမ့်မည်။ ထို့နောက် သန့်ရှင်းသောဌာနကိုတစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်ဟုပြန်၍ပြောဆို၏" (ဒံယေလ ၈း၁၃၊ ၁၄)။ ကောင်းကင်တမန်က ဒံယေလအားအနက်ကိုမပြောမီ ဒံယေလသည်မေ့မြောလျက်နေပါသည်။ ရက်ပေါင်း ၂၃၀၀ နှင့်ပတ်သက်သောကြိုတင်ဟောပြောချက်သည် ဒံယေလအခန်းကြီး (၈) တွင်ကောင်းကင်တမန်က မည်သည့်အနက်မျှဖော်ပြမထားပါ။ သို့ရာတွင် အခန်းကြီး (၉) တွင် ကောင်းကင်တမန်ကနှုတ်ဆက်၍ "အချင်းဒံယေလက၊ ငါသည် သင့်၌ဉာဏ်ပညာတိုးပွားစေမည်အကြောင်းထွက်လာပြီ။ သင်သည်ဆုတောင်းစပြုသောအခါ အမိန့်တော်ရှိသည်ဖြစ်၍ သင့်အားကြားပြောခြင်းငှါ ငါရောက်လာပြီ။ သင်သည်အလွန်ချစ်အပ်သောသူဖြစ်၍၊ ထို့ကြောင့် ကြိုတင်ဟောပြောချက်ကိုဆင်ခြင်၍ နားလည်ရသောအခွင့်ရှိ၏။ လွန်ကျူးခြင်းအမှုကိုဆီးတား၍ အပြစ်ကိုတံဆိပ်ခတ်စေခြင်းငှါလည်းကောင်း၊ အပြစ်ကိုဖြေရှင်း၍ ထာဝရကောင်းမှုကိုသွင်းစေခြင်းငှါလည်းကောင်း၊ ကြိုတင်ဖော်ပြချက်နှင့် လာမည့်ဖော်ပြချက်တို့ကိုတံဆိပ်ခတ်၍ အလွန်သန့်ရှင်းသောအရပ်ဌာနကိုလိမ်းစေခြင်းငှါလည်းကောင်း၊ သီတင်းခုနစ်ဆယ်ကို သင်၏အမျိုးသားချင်းအဖို့နှင့် သင်၏သန့်ရှင်းသောမြို့အဖို့ ဆုံးဖြတ်ခြင်းရှိ၏" (ဒံယေလ ၉း၂၂–၂၄)။

ရက်ပေါင်း ၂၃၀၀ သည်နှစ်ပေါင်း ၂၃၀၀ ဖြစ်၍ (ယေဇ ၄း၆) တွင်နှစ်ပေါင်း ၂၃၀၀ ဖြစ်သည်။ သီတင်းပတ်ပေါင်း ၇၀ (သို့တည်းမဟုတ်) နှစ်ပေါင်း ၄၉၀ သည်နှစ်ပေါင်း ၂၃၀၀ အတွင်းတွင်ရှိသည်။ ဤနှစ်ခုသောအနာဂတ်စကားများသည် ၄၅၇ ဘီစီမှစသည်။ ပါရှားဘုရင်သည် ယေရုရှလင်မြို့ပြန်လည်တည်ဆောက်ရန် အမိန့်အာဏာပေးခဲ့ပါသည်။ ၎င်းနှစ်ပေါင်း ၂၃၀၀ ကိုနှစ်ပေါင်း ၄၉၀ နုတ်လျှင် နှစ်ပေါင်း ၁၈၁၀ ကျန်မည်။ ထိုနှစ်ကိုအေဒီ ၀၃၄ နှင့်ပေါင်းခဲ့သော် ၄၉၂ အဆုံးဖြစ်၍ ၁၈၄၄ အေဒီဖြစ်လာသည်။

## ၅။ ကောင်းကင်ရှိတဲတော်သန့်ရှင်းစေခြင်း–တရားစီရင်ခြင်း

ကောင်းကင်တမန်က ဒံယေလအား နှစ်ပေါင်း ၂၃၀၀ အဆုံးအေဒီ ၁၈၄၄ ခုနှစ်တွင် ကောင်းကင်ရှိဗိမာန်တော်သည်ဆေးကြောသန့်စင်ရမည် (ဒံယေလ ၈း၁၄)။ ထိုစကားသည် မည်သည့်အနက်ကိုဆောင်သနည်း။ အေဒီ (၇၀) ခုနှစ်မှစ၍ ရောမစစ်သူရဲတို့သည် ယေရုရှလင်မြို့ရှိဗိမာန်တော်ကိုဖျက်ဆီးပြီးသည့်နောက် ဘုရားသခင်၏အသင်းတော်အတွက် ဗိမာန်တော်မရှိတော့ပါ။ ထို့ကြောင့် ဗိမာန်တော်သည် ဆေးကြောသန့်စင်ရမည်ဟုဆိုရာ၌ အေဒီ ၁၈၄၄ ခုနှစ်၌စခဲ့ကြောင်း၊ ထိုဗိမာန်တော်သည်လည်း ကောင်းကင်ဗိမာန်တော်ဖြစ်ကြောင်းကိုနားလည်ရမည်။ ကောင်းကင်ရှိဗိမာန်တော်သည် ဤလောကရှိဗိမာန်တော်နှင့်အသွင်တူကာ တထေရာတည်းဖြစ်ကြောင်းကိုလည်း နားလည်ရမည်။




**ကောင်းကင်ရှိဗိမာန်တော်ကိုဆေးကြောသန့်စင်စေခြင်းသည် မည်သည့်အနက်ရှိသနည်း။** ရှေးခေတ်ဣသရေလလူတို့သည်လောကဗိမာန်တော်ကိုသန့်ရှင်းစေခြင်းကို ယွန်ခပူ (သို့) တရားစီရင်ရာနေ့ရက်ဟုခေါ်သည်။ လမ်းညွှန် (၁၂) ၌ခရစ်တော်၏ဗိမာန်တော်တွင် လုပ်ငန်းနှစ်ခုမှာ– (၁) နေ့စဉ်ပူဇော်ခြင်း၊ ပုရောဟိတ်များ၏နေ့စဉ်လုပ်ငန်းကို ပထမအခန်း (သန့်ရှင်းသောအခန်း) တွင်ကျင်းပသည်။ (၂) နှစ်စဉ်ယဇ်ပူဇော်ခြင်း၊ ယဇ်ပုရောဟိတ်မင်းကြီး၏လုပ်ငန်းသည် ဒုတိယအခန်း၊ အသန့်ရှင်းဆုံးအခန်း (ဝတ်ပြုရာကျမ်း ၁၆)။ လောကဗိမာန်တော်တွင် လူများအပြစ်ဖြေလွှတ်၍ ပူဇော်သောတိရစ္ဆာန်၏အသွေးကိုယဇ်ပူဇော်ရာပလ္လင်ထောင့်တွင်ပက်ဖျန်း၍ နောက်မှသန့်ရှင်းသောအခန်းသို့ရွှေ့ပြောင်းသည်။ (ဝတ်ပြုရာကျမ်း ၄ နှင့် ၆)။ ထို့ကြောင့် တစ်နေ့မှတစ်နေ့အပြစ်ဝန်ချတောင်းပန်၍ ပူဇော်သောအသွေးကို ဗိမာန်တော်အတွင်းသို့ယူဆောင်လာသည်။ နောက်ပိုင်းနှစ်ဆုံးမှ တရားစီရင်ရာနေ့တွင် လွန်ခဲ့သောအချိန်တစ်နှစ်လုံးအတွင်းပြုခဲ့သောအပြစ်များအတွက် အသွေးကိုဆေးကြောသန့်စင်လိုက်ပါသည် (ဝတ်ပြုရာကျမ်း ၁၆)။ ဤသန့်ရှင်းခြင်းကိုပြုနိုင်ရန် ယဇ်ပုရောဟိတ်မင်းသည် အထူးပူဇော်သကာတည်းဟူသော ဆက်ကပ်ထားသောဆိတ်ကိုပူဇော်ရပါသည်။ ထိုဆိတ်၏အသွေးကိုလည်း အသန့်ရှင်းဆုံးအခန်းတွင်းသို့ယူဆောင်ကာ ခရစ်တော်တည်းဟူသော လာမည့်ကယ်တင်ရှင်အသွေးကို အသန့်ရှင်းဆုံးအခန်းထဲသို့ယူဆောင်၍ ပက်ဖျန်းကာ လာမည့်ခရစ်တော်ကယ်တင်ရှင်သည် အပြစ်၏အခအတွက်ပေးဆပ်ရပါသည်။ ထိုအခါ ဝန်ချခဲ့သောအပြစ်များတို့ကို ဗိမာန်တော်ထဲကယူ၍ အခြားဆိတ်တစ်ကောင်၏ခေါင်းပေါ်သို့တင်ကာ တောနက်ထဲသို့သွား၍လွှတ်လိုက်ရပါသည် (ဝတ်ပြုရာ ၁၆း၂၀–၂၂)။ ဤအထုံးအဖွဲ့သည် နှစ်စဉ်ဗိမာန်တော်ကြီးကိုသန့်ရှင်းစေနိုင်ရန်နှင့် လူအားလုံးတို့၏အပြစ်ကိုတရားစီရင်ရာ၌ ခရစ်တော်၏အသွေးအားဖြင့် ခွင့်လွှတ်ချေပခဲ့ကြောင်းပြသပါသည်။ ယဇ်ပုရောဟိတ်မင်းတို့သည် အရိပ်အရောင်ပြသောပူဇော်သကာပွဲကြီးကို တစ်နှစ်တစ်ခါပြုလုပ်ရပါသည်။ သို့ရာတွင် ငါတို့၏ယဇ်ပုရောဟိတ်မင်းကြီးခရစ်တော်သည် တစ်ခါနှင့်အပြီး ယဇ်ပူဇော်ခဲ့ပါသည်။ (ဟေဗြဲ ၉း၆–၁၂)။ ဤတရားစီရင်ရာနေ့ကြီး၌ ခရစ်တော်သည် ဗိမာန်တော်အတွင်းရှိဖြေလွှတ်ခဲ့ပြီးသောအပြစ်များအားလုံးကို မိမိအားလက်ခံသောသူတိုင်းအတွက် အပြစ်ဖြေလွှတ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် အပြစ်ကိုဝန်ချတောင်းပန်လျှင် ကျွန်ုပ်တို့၏အပြစ်များကို ထိုအချိန်၌ပင်ပယ်ဖျက်သည် (တမန်တော် ၃း၁၉)။ ဤလုပ်ငန်းသည် ခရစ်တော်ကိုယ်တိုင် ၁၈၄၄ ခုနှစ်မှစ၍လုပ်ခဲ့သောတရားစီရင်ခြင်းလုပ်ငန်းဖြစ်သည်။ ၁၈၄၄ ခုနှစ်၌ ဘုရားသခင်၏တရားစီရင်ခြင်းအချိန်သည်ကောင်းကင်၌အစပြုခဲ့ပါသည်။ ကမ္ဘာအနှံ့ခရစ်ယာန်သာသနာပြန့်ပွားနိုင်ရန် ဟောကြားခဲ့သောတရားဖြစ်ခဲ့သည်။ (ဗျာ၊ ၁၄း၆၊ ၇)။ လာမည့်ရှာဖွေတွေ့ရှိခြင်းလမ်းညွှန်များတွင် ကျွန်ုပ်တို့ဆက်လက်လေ့လာမည်။

## ၆။ တရားစီရင်ရာနေ့ရက်ကြီး၌ သင်၏အသက်တာမှတ်တမ်းကိုရင်ဆိုင်ရပါမည်

၁၈၄၄ ခုနှစ်မှစ၍ ခရစ်တော်သည် တရားသူကြီးအဖြစ်၊ ရှေ့နေအဖြစ်ဖြင့် ကျွန်ုပ်တို့တစ်ဦးစီ၏အသက်တာမှတ်တမ်းကို အပြစ်ရှိ၊ မရှိလေ့လာလျက်ရှိပါသည်။ တရားသူကြီးအဖြစ် ခရစ်တော်သည်အပြစ်မရှိသောဖြောင့်မတ်သူများကို ကောင်းကင်စာရင်းတွင်မှတ်တမ်းတင်ထားပါသည် (တမန်တော် ၃:၁၉)။ တရားစီရင်သောနေ့၌ ကျွန်ုပ်တို့၏အမည်စာရင်းပေါ်လာလျှင် ခရစ်တော်ကိုမှီခိုအားထား၍ သူ၏ကယ်တင်ခြင်းကိုလက်ခံလျှင် ကျွန်ုပ်တို့၏အသက်တာမှတ်တမ်းအတွက်စိုးရိမ်စရာမရှိပါ။ ဖြောင့်မတ်သောသူများတရားစီရင်ပြီးလျှင် ခရစ်တော်သည် ဤလောကသို့ကြွလာ၍ ထိုက်သင့်သောအကျိုးအပြစ်ကိုပေးမည် (ဗျာ၊ ၂၂:၁၂၊ ၁၄)။

**ခရစ်တော်ကြွလာလျှင် သင်အဆင်သင့်ရှိမည်လား (သို့တည်းမဟုတ်) အပြစ်ဖုံးကွယ်ထား၍ စီရင်ခြင်းခံရမည်လား။** သင့်အားကယ်တင်ခြင်းပေးရန် ကတိပေးထားသောခရစ်တော်နှင့်ပွင့်လင်းစွာဆက်ဆံပါသလား "ကိုယ့်အပြစ်တို့ကိုဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏" (၁ယော ၁:၉)။ အပြစ်ကိုဝန်ချတောင်းပန်ခြင်းဆိုသည်မှာ အပြစ်ကိုရဲရဲကြီးရင်ဆိုင်ခြင်းဖြစ်သည်။ ဘုရားသခင်၏ခွင့်လွှတ်ခြင်းကိုလက်ခံပါ။ ကျွန်ုပ်တို့၏အားနည်းချက်ကိုလည်းသိပါ။ ဘုရားသခင်၌တန်ခိုးနှင့်ကျေးဇူးတရားရှိ၏။

တစ်ခါက ပေါ့(စ်)ဒင်(မ်)ထောင်ကိုလည်ပတ်ခဲ့စဉ်က ကျွန်တော်သည် ဘုရင်ဖရဲဒရစ်ဝီလျံ (၁) အကျဉ်းသားများတို့၏အယူခံတောင်းပန်ခြင်းကိုနားထောင်နေပါသည်။ ထောင်သားအားလုံးတို့သည် တရားသူကြီး၏တစ်ဖက်သတ်လုပ်ရပ်များနှင့်လိမ်လည်တင်ပြထားသောသက်သေများ၊ ကိုယ်ကျိုးရှာရှေ့နေများကြောင့် အကျဉ်းထောင်ထဲရောက်ရကြောင်းလျှောက်ထားပါသည်။ ထောင်အခန်းတစ်ခန်းမှတစ်ခန်းသို့သွားတိုင်း အကျဉ်းသားများတို့သည် ထောင်တွင်းသို့အပြစ်မရှိဘဲ ရောက်ရကြောင်းတင်ပြပါသည်။ သို့ရာတွင် အခန်းတစ်ခန်းရှိထောင်သားတစ်ဦးသည် ဘာမျှပြောစရာမရှိပါ။ အံ့သြ၍ ဘုရင်က မင်းလည်းအပြစ်မရှိဘူးဟု ကျွန်ုပ်ထင်ပါသည်ဟု ဘုရင်ကြီးကနောက်ပြောင်လိုက်သည်။ အရှင်မင်းကြီး၊ မဟုတ်ရပါဘူး။ ကျွန်ုပ်ခံရမည့်အပြစ်ဒဏ်အားလုံးသည်သင့်တော်ပါ၏။ ထိုအခါ ဘုရင်က အစောင့်အားဆင့်ခေါ်ကာ ဤအကျဉ်းသားအား မြန်မြန်လွှတ်စမ်းကွာ၊ သို့မဟုတ်လျှင် ဒီထဲမှာရှိသောလူကောင်းတွေအားလုံးပျက်စီးကုန်မည်ဟုပြောပါသည်။ ကျွန်ုပ်တို့သည် တရားစီရင်ရန်နေ့အတွက် မည်ကဲ့သို့ပြင်ဆင်ထားပါသနည်း။ ခရစ်တော်ကြွလာရန် မည်ကဲ့သို့အဆင်သင့်စောင့်နေပါသနည်း။ အမှန်အားဖြင့် မှန်ကန်သောအပြစ်ဝန်ခံခြင်းနှင့် အမှန်တရားပြောခြင်း၊ "ကျွန်ုပ်ခံရသောအပြစ်ဒဏ်သည် ကျွန်ုပ်အပြစ်ကြောင့်ဖြစ်ပါသည်။ သို့သော်လည်း ပုဂ္ဂိုလ်တစ်ဦးသည် (ခရစ်တော်) ကျွန်ုပ်၏အပြစ်ဒဏ်ကိုခံယူကာ ကျွန်ုပ်အားထူးခြားလှသောခွင့်လွှတ်ခြင်းပေးပါသည်။"

–၀–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၃) အဖြေလွှာ
## အပြစ်ဒဏ်သင့်သောအပြစ်သားဘဝမှလွတ်ငြိမ်းချမ်းသာရခြင်း
## ခံရသောသူတော်စင်ဘဝ

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁။ လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံသောခရစ်တော်သည် သူ့ကိုယ်သူဖြစ်စေနိုင်သည်။

------ ဖြောင့်မတ်သောတရားသူကြီးဖြစ်ရန်။

------ သက်ညှာသနားတတ်သောရှေ့နေ။

------ နောင်တမရသောအပြစ်ရှိသူကိုအပြစ်လွှတ်ပြီဟုကြေညာသည်။

------ အပြစ်ကိုနောင်တရ၍ အပြစ်မရှိဟုကြေညာသောသူ။

------ အပြစ်ရှိသောအသက်တာကိုခရစ်တော်၏ဖြောင့်မတ်သောအသက်တာဖြင့်လဲလှယ်ခြင်း။

၂။ ခရစ်တော်နှစ်ခြင်းခံသောအချိန် အေဒီ ၂၇ ခုနှစ်တွင် သူ့အား-

------ ဘုရားသခင်၏သားဟုကြေညာခြင်း။

------ မေရှိယဟုကြေညာခြင်း။

------ ကြွလာခြင်းသည် နှစ်ပေါင်းများစွာနောက်ကျသည်ဟုကြေညာခြင်း။

------ အနာဂတ်စကားအတိုင်း အချိန်မှန်ကြွလာခြင်း။

သုံးနှစ်ခွဲကြာပြီးသည့်နောက် အေဒီ ၃၁ ခုနှစ်တွင်-

------ ခရစ်တော်အား ဘုရားသခင်၏သိုးသငယ်အဖြစ် လက်ဝါးကပ်တိုင်ပေါ်တင်ခြင်း။

------ ခရစ်တော်၏သေခြင်းကြောင့် တိရစ္ဆာန်များပူဇော်ရန်မလိုတော့ပါ။

၃။ ဖြောင့်မတ်ရာသို့ရောက်ခြင်းဆိုသည်မှာ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြောင့်ဖြစ်သည်။

------ ခရစ်တော်သည် အပြစ်မှကျွန်ုပ်တို့အားဆေးကြောသည်။ ထို့ကြောင့် ဘုရားသခင်သည် အပြစ်မရှိဟု ကြေညာသည်။

၄၊၅။ ၁၈၄၄ ခုနှစ်တွင်-

------ ဘုရားသခင်၏တရားစီရင်ခြင်းသည်အစပြုသည်။

------ ခရစ်တော်သည် ကောင်းကင်ဗိမာန်တော်ထဲသို့ဝင်၍ ဗိမာန်တော်ကိုသန့်ရှင်းစေခြင်းသည် တရားစီရင်ခြင်းဖြစ်၏။

၆၊၇။ ဤအချက်ကိုစဉ်းစားပါ။

ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်မှာ အသက်တော်ကိုစွန့်သောကြောင့်နှင့် သူ၏အလုပ်သည် တရားသူကြီးဖြစ်သောကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကိုဖြေလွှတ်၍ ကျွန်ုပ်တို့၏အပြစ်မှတ်တမ်းများကို ဖျက်ပစ်နိုင်သည်။ အကြောင်းအရင်းတစ်ချက်မှာ– ကျွန်ုပ်တို့သည် မိမိအပြစ်ကိုဝန်ချတောင်းပန်၍ အသစ်သောနှလုံးသားကိုလက်ခံကာ ခရစ်တော်ထံမှဝိညာဉ်တော်သစ်ဖြင့်နေရမည်။ သင်၏အမှုသည် ခရစ်တော်၏လက်ထဲ၌ရှိ၏။ ထိုခရစ်တော်သည် သင့်အားချစ်သောကြောင့် သင့်ကိုယ်စားအသေခံခဲ့သည်။––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––––––––––––––

–၀–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်–––––––––––––––––––––––––––––––**

**လမ်းနှင့်အိမ်အမှတ်––––––––––––––––––––––**

**မြို့––––––––––––––––––––––––––––––––––**

**နယ်–––––––––––––––––––––––––––––––––**

**ကိုးကွယ်သည့်ဘာသာ–––––––––––––––––––––**